
ဘာသာပြန် စာရေးဆရာ – အပြုံးလေး
သိုင်းပါရဂူ
(ချင်းချန်)
(Chapter 1 - 15)
စာစဉ် – ၁

"သိုင်းပါရဂူ"

ဘာသာပြန် ( KZ )

အပိုင်း (၁)

ဂူရှန်သက္ကရာဇ်အရ ၂၂၁၆ ခုနှစ်

တီရန်တု ကုန်းမြေ၏ အမြင့်ဆုံးနေရာ ဖြစ်သော ဝုရုမြို့တွင် အနက်ရောင် လေပွေများ ပြင်းထန်စွာ တိုက်ခတ်နေပြီး ကောင်းကင်ပြင်ကြီးတစ်ခုလုံး လဲပြိုကျလုမတတ် ဆူညံပေါက်ကွဲနေသည်။

ထိုအနက်ရောင်ဟင်းလင်းပြင် လေပွေများသည် အလွန်ခက်ထန်သော တိရိစ္ဆာန် တစ်ကောင်ကဲ့သို့ ဟစ်ကြွေးနေကာ မည်သည့်အရာကိုမဆို ဝါးမျိုသွားမည့် ပုံသဏ္ဌာန်ရှိသည်။

၎င်းသည် ဂူဒေသမရဏတောင်ကြားတွင် တည်ရှိသော တီရန်ဝုတိုက်ကြီးရှိ တားမြစ်နယ်မြေခုနှစ်ခုအနက်မှ တစ်ခုဖြစ်သည်။

သေမင်းတောင်ကြားတွင် ကြောက်မက်ဖွယ်ရာကောင်းသော မုန်တိုင်းများမှာ တစ်နှစ်ပတ်လုံး အမြဲတိုက်ခတ်နေလေ့ရှိပြီး စွမ်းအားကြီးသောလူအများစုပင် ထိုတောင်ကြား၌ အသက်ဆုံးရှုံးခဲ့ကြရသည်။

ထိုတောင်ကြားသက်တမ်းမှာ နှစ်ပေါင်းထောင်ချီရှိနေပြီဖြစ်ပြီး ဝင်ရောက်မိသူတိုင်း ပြန်လမ်းမရှိ မရှုမလှသေဆုံးခဲ့ကြသည်ချည်းသာဖြစ်သည်။

မိမိကိုယ်ကို အသန်မာဆုံးဟုယူဆလျှင်ပင် ထိုတောင်ကြားသို့လာရန် ဝံ့ရဲမည်မဟုတ်ပေ။ ကြောက်မက်ဖွယ်ရာ မုန်တိုင်းအရှိန်သည် ဘုံကိုးဆင့်အင်

ပါယာ၏ စွမ်းအားကြီးသော သူတစ်ယောက်ကိုပင် အစိတ်စိတ်အမွှာမွှာ ဆုတ်ဖြဲပစ်ရန်လုံလောက်နေသည်မဟုတ်ပါလား။

သို့သော် ယခုတွင် လူတချို့ရောက်ရှိလာသည်။

"ဘာလို့လဲ"

"ရွှမ်အာ ဖန်ရှောင်ယု မင်းတို့ ငါ့ကို ဘာလို့သစ္စာဖောက်ရတာလဲ"

ဒဏ်ရာရပြီးသွေးများထွက်နေသော ချင်းချန်သည် သေမင်းတောင်ကြား၏ချောက်ကမ်းပါးထိပ်တွင် မတ်တတ်ရပ်နေရင်း သူ့အရှေ့မှ မိန်းမတစ်ယောက်နှင့်ယောက်ကျားတစ်ယောက်ကို မုန်းတီးသော အကြည့်များဖြင့်ကြည့်လိုက်သည်။ သူ၏မျက်လုံးတွင် နာကြည်းမှုများ ဒေါသများနှင့်သစ္စာဖောက်ခံရခြင်းအတွက် မကျေမချမ်းမှုများနှင့် ပြည့်နေသည်။

"ချင်းချန်"

သူသည် တီဝုတိုက်ကြီးတွင် နာမည်ကျော်ကြားသူတစ်ယောက်ဖြစ်ပြီး အဆင့်ကိုးဆေးဝါးပညာရှင်၊ အဆင့်ရှစ်အင်ပါယာသွေးကြောသခင် နှင့် ဂူအင်ပါယာတွင် အဆင့်ကိုးအင်ပါယာနေရာရှိသူဖြစ်သည်။

ငယ်စဉ်က မိဘမဲ့အဖြစ် ကြီးပြင်းခဲ့ရကာ သွေးကြောများဒဏ်ရာရှိခြင်းကြောင့် သိုင်းလေ့ကျင့်ရန် အခက်တွေ့ခဲ့သည်။

သို့သော် သူ့ထံတွင် ကံတရား၏ရက်စက်မှုများကို ချိုးဖျက်ရန် ပါရမီပါလာပုံရလေသည်။ သူသည် သွေးသခင်တစ်ယောက်အဖြစ်မှစတင်ကာ ကံကြမ္မာကိုပြောင်းလဲရန် သူ့အားနည်းချက်များကိုကျော်ဖြတ်၍ ထိပ်ဆုံးသို့ တက်လှမ်းခဲ့သည်။

သူ့အသက်နှစ်ဆယ့်ခြောက်တွင် နာမည်ကျော် တန့်ဇန်တောင်၏ဖိအားကို တစ်ကိုယ်တည်းသွားရောက်စိန်ခေါ်ခဲ့သည်။ တန့်ဇန်တောင်၏ ကိုးဆင့်မြောက်အား ခြေလှမ်း (၉၉၈၁) လှမ်းဖြင့် လေးဆယ့်ကိုးရက်အတွင်း

အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ကာ နှစ်ထောင်ပေါင်းများစွာအတွင်း ချင်းချန်သည် တန့်ဇန်တောင်ပေါ်တွင် အချိန်အနည်းဆုံးဖြင့် ကျော်ဖြတ်နိုင်ခဲ့သည့် သခင်တစ်ယောက်ဖြစ်လာ၏။

အသက်နှစ်ဆယ့်ရှစ်နှစ်တွင် အဆင့်ကိုးဆေးပညာသန့်စင်မှုသခင်အဆင့်ကို ကျော်ဖြတ်ကာ ကုန်းမြေတိုက်ကြီး၏ဆေးဝါးအဆောင်တွင် ဂုဏ်ထူးဆောင်အကြီးအကဲတစ်ယောက်အဖြစ် အမှုထမ်းခဲ့သည်။

သူ့အသက် သုံးဆယ်တွင် အဆင့်ရှစ်သွေးသခင်တစ်ယောက်အဖြစ်ကျော်ကြားလာကာ သူ၏ပါရမီများကြောင့်ပင် သွေးမျှော်စင်ရှိ ထိပ်တန်းသွေးသခင်ဆယ်ယောက်မှ အဖွဲ့ဝင်အဖြစ်ရွေးချယ်ခြင်းခံခဲ့ပြီး ကုန်းမြေတိုက်ကြီးတွင် ဒဏ္ဍာရီလာပုဂ္ဂိုလ်တစ်ဦးဖြစ်လာခဲ့၏။

နောက်တွင် ကုန်းမြေတိုက်ကြီးမှ အလှမယ်တစ်ဦးအဖြစ်လူသိများသော ရွှမ်အာ အမည်ရှိ မိန်းကလေးတစ်ယောက်နှင့်သိကျွမ်းပြီး ချစ်ကြိုက်ခဲ့သည်။

အလှမယ်ရွှမ်အာ၏ဘဝကို မြန်မြန်ဆန်ဆန် တိုးတက်လာစေရန် အင်တိုက်အားတိုက်ကူညီပေးခဲ့ပြီး သူသည်လည်း အင်ပါယာတစ်ယောက်ဖြစ်လာခဲ့လေ၏။

သူ့တွင် ဖန်ရှောင်ယုဆိုသော အစ်ကိုတစ်ယောက်လည်းရှိကာ သူ့အစ်ကိုကိုလည်း ထျန်ယွမ်အင်ပါယာထူထောင်ရာတွင် အစွမ်းကုန်အကူအညီပေးခဲ့သည်။

သို့သော် အချိန်တစ်ခုကြာပြီးနောက်တွင်မှ သူ၏လူယုံများ သစ္စာဖောက်ခြင်းခံခဲ့ရလေ၏။

ထိုနေ့

ချင်းချန်အိပ်ပျော်နေစဥ် ရွှမ်အာသည် သူမစုဆောင်းထားသော အင်ပါယာတပ်သားများနှင့်ပေါင်းကာ ချင်းချန်အား လုပ်ကြံရန်ကြိုးစားခဲ့သည်။

ထိုတစ်ချိန်တည်းမှာပင် ဖန်ရှောင်ယုသည်လည်း ရွှမ်အာနှင့်အတူ ချင်းချန်၏ နန်းတော်အားဖျက်ဆီးပြီး လုပ်ကြံသတ်ဖြတ်ရန်ကြိုးပမ်းခဲ့သည်။
ထို့နောက် ချင်းချန်မှာ အဖမ်းခံရပြီး ပြင်းထန်သော ဒဏ်ရာများရရှိခဲ့သော်လည်း ထွက်ပြေးရန်နည်းလမ်းရှာကာ သုံးရက်နှင့်သုံးညတိုင်တိုင်ကြိုးစားပြီးနောက် ထွက်ပြေးလွတ်မြောက်ခဲ့လေသည်။ သို့သော် ကံတရားသည် သူ့အားမျက်နှာသာမပေးခဲ့ပေ။ဖန်ရှောင်ယု နှင့် ရွှမ်အာ သည် သူ့ကိုမျက်ခြေမပြတ် စေဘဲ လိုက်ဖမ်းနိုင်ခဲ့သည်။
ထိုအချိန်တွင် ချင်းချန်မှာ အလွန်မောဟိုက်နေပြီး သေဆုံးလုနီးဖြစ်ကာ ပြန်လည်တိုက်ခိုက်ရန်လည်း အားအင်မရှိတော့ပေ။ သူ၏ရင်းနှီးသော မိတ်ဆွေနှစ်ယောက်မှာ ပူးပေါင်းပြီး မည်သည့်အတွက်ကြောင့် သူ့ကိုလုပ်ကြံသတ်ဖြတ်ရသည့်အကြောင်းကို သူမသိရှိသေးပေ။
"ဘာကြောင့်လဲ"
ဖန်ရှောင်ယုသည် ရွှမ်အာ၏ခါးလေးကိုဆွဲဖက်လိုက်သောအခါ သူမသည် ဖန်ရှောင်ယု၏ရင်ခွင်အတွင်းသို့ ပြန်လည် တိုးဝှေ့လိုက်လေသည်။
ထိုမြင်ကွင်းကိုမြင်လိုက်သောအခါ ချင်းချန်၏မျက်လုံးအိမ်များ ကျယ်လာပြီး သူ့မျက်နှာတွင်မယုံကြည်နိုင်သော အရိပ်များဖော်ပြနေကာ စိတ်တုန်လှုပ်ချောက်ချားလွန်းသဖြင့် ပါးစပ်အပြည့်သွေးတစ်လုတ်ကို ထွေးထုတ်လိုက်ရလေသည်။
"မင်း... မင်း...တို့နှစ်ယောက် ..."
"ငါမထင်ခဲ့မိဘူး"
ရွှမ်အာက သရော်ပြုံးပြုံးကာ ချင်းချန်ကို မနှစ်မြို့စွာ ကြည့်လိုက်သည်။
"ငါနင်နဲ့မတွေ့ခင်ကတည်းက ရှောင်ယုနဲ့ချစ်နေတာ "
"နင်နဲ့တွဲတယ်ဆိုတာကလည်း နင့်ကို အသုံးချချင်ရုံသက်သက်ပဲ ငါကနင့်

ကိုတကယ်ချစ်တယ် လို့ထင်နေတာလား"

"ဟားဟား"

ရွှမ်အာ ကချင်းချန်အား မုန်းတီးသော အကြည့်ဖြင့် ကြည့်ရင်း ထပ်ပြော လိုက်သည် ။

"နင်နဲ့အတူ ရှိတဲ့အချိန်တိုင်းက ငါ့အတွက်ငရဲလိုဘဲ "

"နင်က ငါ့ဘဝကောင်းစားဖို့နဲ့ ရှောင်ယုနဲ့ နီးစပ်အောင် ကူညီပေးနိုင်လို့သာ ပေါ့......မဟုတ်ရင် အစောကြီးတည်းက လမ်းခွဲပြီးပြီ"

"ကျန်ခဲ့တဲ့ ဆယ်နှစ်တည်းက ငါနဲ့ရှောင်ယုက အခုလိုဖြစ်လာအောင် အစီ အစဥ် ဆွဲထားတာ "

"ဒီနှစ်ပိုင်းတွေအတွင်း နင်ကလေ့ကျင့်ဖို့နဲ့ ဆေးဝါးသန့်စင်တဲ့ အလုပ်တွေ ဆီပဲ မဲနေခဲ့တော့ ငါ့မှာရှောင်ယု နဲ့အတူ နေဖို့ အချိန်တွေ အများကြီးပိုရ သွားတာပေါ့ "

"ငါတို့ ဘုံကိုးဆင့်ရဲ့ အင်ပါယာဖြစ်လာတဲ့တစ်နေ့ နင့်ကိုသတ်မယ်လို့ တိုင်ပင်ထားပြီးသား "

"နောက်ဆုံးတော့ နင့်အကူအညီနဲ့ပဲ ဘုံကိုးဆင့်ရဲ့ အင်ပါယာ ဖြစ်လာခဲ့ပြီး ရှောင်ယုလည်း ထျန်ယွမ် အင်ပါယာကို တည်ဆောက်နိုင်ခဲ့ပြီ။ အခုတော့ ငါတို့လည်း ဟန်ဆောင်စရာမလိုတော့ဘဲ ပွင့်ပွင့်လင်းလင်း နေလို့ရသွား ပြီ"

"ဒါတွေကြောင့် နင့်ကိုသစ္စာဖောက်ခဲ့တာပဲ "

ရွှမ်အာ ရယ်မောရင်း ပြောလိုက်သည် ။ သူမ၏ရယ်သံတွင် ပေါ့ပျက်ပျက် အမူအရာများ လှောင်ပြောင်မှုများ ပါဝင်နေပေသည် ။

သူသိခဲ့ဖူးသော ယဥ် ကျေးပြီး နူးညံ့သိမ်မွေ့သည့် ရွှမ်အာ နှင့် ယခု ရွှမ်အာ သည် အများကြီးခြားနားသွားပြီဖြစ်ကြောင်း ချင်းချန်သဘောပေါက်လိုက်

သည် ။
ချင်းချန်၏ မျက်နှာတွင် သွေးမရှိတော့ဘဲ ဖြူရော်ရော် ဖြစ်လာ၏ ။
သူနှင့်ရင်းနှီးခဲ့ဖူးသော မျက်နှာလေးသည် သူစိမ်းဆန်ဆန်ဖြစ်နေလေပြီ။
ယခင်က လှပခဲ့သောမျက်နှာလေးသည် အခုတော့ အကျည်းတန်သွားလေပြီ။
ချင်းချန်မှာ သူ၏နှလုံးသားကို မြှားအစင်းပေါင်းများစွာ စိုက်ဝင်သကဲ့သို့ ခံစားနေရ၏။
" ချင်းချန် အခုတော့ ဖန်ရှောင်ယုက အလိမ်အညာတွေနဲ့ ရှင့်ကို ဆက်ဆံခဲ့တယ်ဆိုသိလောက်ရောပေ့ါ "
ဖန်ရှောင်ယုက
" ငါလိုချင်တာ ရဖို့ ဆယ်နှစ်ကျော်လောက် အောင့်အည်းပြီး နေခဲ့ရတာကွ။ မင်းင့ါကောင်မလေးနဲ့ တတွဲတွဲ လုပ်နေတာကိုတွေ့တိုင်း င့ါမှာ စိတ်ထဲတနုံ့နုံ့နဲ့ အခွင့်အရေးရလို့ကတော့ မင်းကိုသတ်ပြီး မင်းဘဝကိုဖျက်ဆီးပစ်ဖို့ အမြဲကြိုးစားနေခဲ့တာ။ခုတော့ မင်းရဲ့ ကြွယ်ဝမှုတွေ ဂုဏ်ဒြပ်တွေနဲ့ မင်းကောင်မလေးကိုရော အခု ငါပိုင်ပြီလေ"
ဖန်ရှောင်ယုထံမှ လူသတ်လိုသော အငွေ့အသက်များ ထွက်ပေါ်လာပြီး ချင်းချန်၏ညာဘက်လက်မှ သိုလှောင်လက်ကောက်အား လောဘတကြီး လှမ်းကြည့်လိုက်သည် ။
ထို့နောက် လှောင်ပြုံးပြုံးရင်း
" စိတ်မပူပါနဲ့ကွာ မင်းသေရင် မင်းပစ္စည်းလေးတွေ အကုန်လုံးငါယူပေးမှာပါ "
" အထူးသဖြင့်တော့ တားမြစ်နယ်မြေထဲက ရှားပါးပစ္စည်းတွေနဲ့ မင်းကောင်မလေးပေ့ါကွာ "

ဖန်ရှောင်ယုက ကောက်ကျစ်စွာပြောရင်း ချင်းချန့်၏ရှေ့၌ပင် ရွှမ်အာ၏ လုံးဝန်းတင်းရင်းသောတင်ပါးလေးအား ဖျစ်ညှစ်ဆုပ်ကိုင်ရင်း ရယ်မောလိုက်သည် ။

ချင်းချန်မှာ အတော်ပင်ခံစားနေရ၏။ သူအရင်းနှီးဆုံးဟုသတ်မှတ်ထားသော လူနှစ်ယောက်သည် တစ်ချိန်လုံး လိမ်ညာဟန်ဆောင်နေရင်း သူ့အပေါ်အကောက်ကြံနေခဲ့သည်ကို အနည်းငယ်မျှပင် မရိပ်မိခဲ့ပေ။

ထိုစက်ဆုပ်ဖွယ်ရာကောင်းသော လူနှစ်ယောက်ကိုကြည့်ရင်း သူ နာကျင်စွာ ရယ်မောလိုက်မိသည် ။

" မင်းရယ်နိုင်သေးတယ်ပေါ့ "

ချင်းချန်မှာ ရယ်ရင်း ရယ်ရင်း သူ၏မျက်ဝန်းထောင့်မှ သွေးမျက်ရည်များစီးကျလာလေသည် ။ ထို့နောက် သူဖြည်းညင်းစွာထရပ်ပြီး သူ့ရှေ့မှ လူနှစ်ယောက်ကို နာကျည်းမှုများဖြင့် စူးစူးဝါးဝါး စိုက်ကြည့်လိုက်သည် ။

သူ့မှာသာ အားအင်ရှိသေးလျှင် ထိုလူနှစ်ယောက်လုံးအား သေအောင်သတ်မိပေလိမ့်မည် ။

ချင်းချန် သူ့အနောက်တွင် အော်မြည်သံများထွက်နေသော ချောက်ကမ်းပါးကြီးကို တစ်ချက်လှည့်ကြည့်လိုက်လေသည်။ ထို့နောက် လှောင်ပြုံးပြုံးကာ ခုန်ချလိုက်လေ၏။

" ငါ့ပစ္စည်းတွေ လိုချင်တယ်ဟုတ်လား။ ဟား... ဟား ဆုတောင်းနေပေတော့... ဟားဟား" လေထဲ၌ပဲ့တင်ထပ်လာသော ထိုအသံကား နာကျည်းဝမ်းနည်းမှု အပြည့်ပင်။

ချောက်ကမ်းပါးပေါ်တွင်တော့ ဖန်ရှောင်ယု နှင့် ရွှမ်အာသာ ပါးစပ်အဟောင်းသားဖြင့် ကျန်ရစ်ခဲ့လေတော့သည် ။

------------------------------------------------

တီရန်ဝု ကုန်းမြေ ၊ ချင်ပြည်ထောင် ဒိုင်ဝမ်နန်းတော်

" ဖန်ရှောင်ယု ရွှမ်အာ မင်းတို့ကို သတ်မယ် "

လူငယ်လေးတစ်ယောက်သည် ရုတ်တရက်နိုးလာပြီး အိပ်ရာမှ ထထိုင်လိုက်ကာ ယောင်ယမ်းလိုက်သည် ။

သူ၏ သူငယ်အိမ်များမှာကျယ်နေပြီး နာကျည်းစရာမှတ်ဉာဏ်များက ခြောက်လှန့်နေပုံရသည် ။

အချိန်အတော်ကြာမှ သူ့စိတ်အနည်းငယ်သက်သာရာရလာပြီး ရှေးဆန်ပြီး တန်ဖိုးကြီးသော ခုတင်နှင့် တံစက်မြိတ်တို့ကို သတိထားမိလိုက်သည် ။

" ဘာလဲဟ ငါမသေသေးဘူးလား "

သူ နာကျင်မှုတချို့ကို ခံစားရပြီး အချိန်အတော်အကြာ၌ တစ်စုံတစ်ခုကို တွေးမိသွားသည် ။

" ငါပြန်ဝင်စားလာတာလား"

ရုတ်တရက် အဖြစ်အပျက်များကိုနားလည်လိုက်ပြီး မျက်လုံးများကိုဖွင့်လိုက်သည် ။

ကုန်းမြေတိုက်ကြီးမှာ ငါကအင်အားကြီးတဲ့လူဆိုပေမယ့်ရင်နာစရာတွေနဲ့ ကြုံခဲ့ရတာပဲ ။

အခုက ဂူရှန် သက္ကရာဇ်မှာ ၂၅၁၆ ခုနှစ်ဆိုတော့ ငါနှစ်သုံးရာလောက်ကို ဖြတ်ကျော်ပြီးရောက်လာတာပေါ့ ။

နှစ်သုံးရာဆိုသောအချိန်အတွင်းအများကြီးပြောင်းလဲသွားပြီဖြစ်သည် ။

ထျန်ယန်အင်ပါယာက ဖန်ရှောင်ယုလက်ထက်မှာတိုးတက်လာပြီး ကုန်းမြေတိုက်ကြီးမှာနံပါတ်တစ်အင်ပါယာဖြစ်လာခဲ့တာပဲ ။

ရွှမ်အာက မြူခိုးနန်းတော်ကိုတည်ထောင်ပြီး ဧကရီတစ်ယောက်အဖြစ်နဲ့ လူသန်းပေါင်းများစွာကိုအုပ်ချုပ်နေလေသည်။

ဘယ်လိုပဲဖြစ်ဖြစ် သူသည်ကုန်းမြေတိုက်ကြီးနှင့် အနည်းငယ်ကွာဝေးသော နိုင်ငံလေးတစ်ခုတွင် ပြန်လည်မွေးဖွားလာလေပြီ ။

ဘုရားသခင်က ငါ့ကို အခွင့်အရေးတစ်ခုနောက်တစ်ကြိမ်ပေးလိုက်တာပဲ ။

" ရွှမ်အာ ဖန်ရှောင်ယု မင်းတို့နေနှင့်ကြဦး ''

" ငါ ချင်းချန်ပြန်လာပြီ မင်းတို့ အိပ်မက်ဆိုးတွေမက်ဖို့ ပြင်ထားကြ"

" တစ်နေ့ကျရင် ဆုံးရှုံးခဲ့တဲ့အရာတွေအကုန် ပြန်အရယူပြီး သိုင်းလောကကြီးတစ်ခုလုံးကို ငါ့ခြေဖဝါးအောက်ရောက်အောင်လုပ်ပြမယ် "

ချင်းချန် အံကိုကြိတ်ပြီး ကောင်းကင်အားတိုင်တည်လိုက်လေသည် ။

" သားလေး "

ရုတ်တရက်တံခါးပွင့်လာပြီး လှပသောဝတ်ရုံဝတ်ဆင်ထားကာ ဦးခေါင်းတွင်ကျောက်စိမ်းဆံထိုးထိုးထားသော အမျိုးသမီးတစ်ဦးဝင်ရောက်လာသည် ။

နိုးနေသော ချင်းချန်ကို တွေ့သည်နှင့် စိုးရိမ်တကြီးခေါ်လိုက်သည် ။

" ပျော်လိုက်တာ ချန်အာရယ် နောက်ဆုံးတော့သတိရလာပြီပဲ အမေကအရမ်းစိတ်ပူနေတာ " ဟုပြောရင်း ချင်းချန်ကိုဖက်ကာ ငိုချလိုက်လေရာ နွေးထွေးသောရင်းနှီးမှုတစ်ခုသည် ချင်းချန်အားလှုပ်နှိုးလိုက်သလို ခံစားလိုက်ရ၏။ ယခင်ဘဝ မသေဆုံးခင်က သစ္စာဖောက်ခံခဲ့ရသဖြင့် နာကျင်မှုများ ပြည့်နှက်နေသော်လည်း ယခုနွေးထွေးမှုသည် သူ့နှလုံးသားထဲထိအေးချမ်းသွားစေ၏။

ချောမောသော အမျိုးသမီး၏နာမည်မှာ ယွဲ့ချီ ဖြစ်ကာ ဂူဘုရင်၏သမီးဖြစ်ပြီး ချင်းချန်၏အမေဖြစ်သည် ။

ယခု ခန္ဓာကိုယ်ပိုင်ရှင်နာမည်က ချန်အာဖြစ်မှန်းသူသိလိုက်လေသည် ။

သူတန်ဇီကျောင်းတော်မှ လူများနှင့်စကားများကာ တိုက်ခိုက်ရေးစင်မြင့်တွင် တိုက်ခိုက်ကြသည် ။ ထို့နောက် သူ့ခေါင်းကို ပြင်းပြင်းထန်ထန်ထိခိုက်သွားကာ သုံးရက်သုံးညတိုင်တိုင် သတိမေ့နေချင်းဖြစ်၏။

မမျှော်လင့်ဘဲ လွန်ခဲ့သောနှစ်သုံးရာက ဝိညာဉ်နှင့်ပေါင်းစပ်ကာ ပြန်လည်ရှင်သန်လာခြင်းဖြစ်သည် ။

" ချန်အာရယ် သားသတိလစ်နေတာ သုံးရက်နဲ့သုံးညဖြစ်နေပြီ။ အမေ့မှာ အရမ်းစိတ်ပူနေခဲ့ရတာ နောက်တစ်ခါ အခုလိုမျိုးရန်ဖြစ်တာတွေ အမေခွင့်မပြုတော့ဘူးနော် "

"ကြားရဲ့လား ချန်အာ "

" သားမရှိရင် .... " "သားမရှိဘဲနဲ့ အမေတစ်ယောက်တည်း ဘယ်လိုအသက်ရှင်ရမလဲကွယ် " ဟုပြောရင်း ချန်အာ၏ပါးကိုပွတ်သပ်လိုက်သည် ။ သူမ၏ မျက်လုံးများတွင် စိုးရိမ်မှုတို့မှာ အထင်းသားပေါ်လွင်နေ၏။

ထိုချောမောသော အမျိုးသမီးကို ကြည့်ရင်း ချန်အာ ရင်ထဲနွေးထွေးမှုများစီးဝင်လာသည်။

သူ အရင်ဘဝက မိဘမဲ့ဖြစ်ခဲ့သော်လည်း ယခုတော့ ဘုရားသခင်မျက်နှာသာပေးမှုကြောင့် အမေ တစ်ယောက်ကို ပိုင်ဆိုင်ခွင့်ရလေပြီ ။

မှတ်ဉာဏ်များထဲတွင် သူ့အမေ ယွဲ့ချီသည် သူ့အပေါ်တွင် အလွန်ကြင်နာပြီး အသေးအမွှားလေးမှအစ ဂရုစိုက်ပေးသူဖြစ်သည် ။

ချန်အာသည် ချင်းချန်ဝိညာဉ်နှင့် ပေါင်းစပ်ကာ ပြန်နိုးလာပြီး နှစ်ဘဝလုံးမှ အဖြစ်အပျက်များ အတွေးများကို အကုန်မှတ်မိနေလေသည် ။

ချန်အာ သူ့အရှေ့တွင် ငိုနေသည့် ချောမောသော အမျိုးသမီးကိုကြည့်ရင်း စိတ်ထိခိုက်ကာ လွှတ်ခနဲ ပြောလိုက်မိတော့သည် ။

" အမေ သားနောက်တစ်ခါ မဆင်မခြင်မလုပ်တော့ပါဘူး။ မစိုးရိမ်ပါနဲ့

တော့နော် "
ထိုသို့ပြောပြီးနောက် သူ၏ စိတ်ကူးထဲတွင် အရင်ဘဝကမှတ်ဉာဏ်များအား ပြန်တွေးလိုက်ရင်း မျက်နှာထက်၌ နားလည်ရခက်သော အပြုံးတစ်ခု ပေါ်လာခဲ့လေသည်။

***